လွိုင်ကော်
Loikaw

မြစ်ကြီးနား
Myitkyina

ဘားအံ
Hpa An

# မြန်မာနိုင်ငံ အုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်သက်၍ လေ့လာတင်ပြချက်

ကြည်ပြာချစ်စော နှင့် မက်သယူးအာနိုးလ်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ် အမှတ်(၆)

ရန်ကုန်
Yangon

နေပြည်တော်
Naypyitaw

မန္တလေး
Mandalay

မြောက်ဦး
Myauk-U

ထားဝယ်
Dawei

The Asia Foundation
Improving Lives, Expanding Opportunities

MDRI
CESD

# မြန်မာနိုင်ငံ အုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်သက်၍ လေ့လာတင်ပြချက်

## ကြည်ပြာချစ်စော နှင့် မက်သယူးအာနိုးလ်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်
အမှတ်(၆)

မတ်လ၊ ၂၀၁၅

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်သည် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်သက်၍ လေ့လာတင်ပြချက်၊ မတ်လ ၂၀၁၅ ကြည်ပြာချစ်စောနှင့် မက်သယူးအာနိုးလ် တို့၏ မူရင်းသုတေသန စာစောင်အား အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။ မူရင်းသုတေသနစာစောင်ကို ဖော်ပြပါ ဝက်ဆိုက်ဒ်လင့်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ http://asiafoundation.org/publication/administering-the-state-in-myanmar-burmese/.

ရည်ညွှန်းကိုးကား - ကြည်ပြာချစ်စောနှင့် မက်သယူးအာနိုးလ် တို့၏ (မတ်လ ၂၀၁၅)၊ *မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်သက်၍ လေ့လာတင်ပြချက်။* အာရှဖောင်ဒေးရှင်းနှင့် မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့- စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့



ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်နှင့် မူရင်း သုတေသနစာတမ်းကို ဗြိတန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) မှ ရန်ပုံငွေ ထောက်ပံ့ ပေးထားပါသည်။

## တစ်။ ။ နိဒါန်း

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ထွေအုပ်) သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတွင် အဓိကကျသည့် ဌာနတစ်ခုဖြစ်သည်။ အခြားမည်သည့်ဌာနမှ ထွေအုပ်ကဲ့သို့ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထားနိုင်ခြင်း မရှိပါ။ တပ်မတော်သည်ပင်လျှင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား ထွေအုပ်ကဲ့သို့ ဖြန့်ကျက်ထိတွေ့ထားနိုင်ခြင်း မရှိပါ။ ထွေအုပ်သည် ပြည်ထောင်စုဝန်ကြီးဌာန ၃၆ ခု နှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျှက်ရှိပြီး ၎င်းတို့ကို နေပြည်တော်နှင့် တစ်နိုင်ငံလုံးရှိ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၁၆,၇၀၀ ခန့်တို့ဖြင့် ဆက်သွယ်ပေးသည်။ ပြည်ထောင်စုအစိုးရအတွင်းတွင် ထွေအုပ်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိကတာဝန်မှာ အထက်အောက် စုစည်း အုပ်ချုပ်မှု အဆင့်ဆင့်နှင့် ပထဝီဝင်ဒေသအရ တည်ရှိခွဲခြား ထားသော ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကိစ္စရပ်များကို ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄) ခု ၏ အစိုးရများသည် ထွေအုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် ဦးဆောင်သည့် ဝန်ထမ်းများကို ၎င်းတို့ အရပ်ဖက်ဝန်ထမ်းများအဖြစ် မှတည်အားထားနေပါသည်။ ထွေအုပ်မှ ထွေအုပ် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအတွင်းရေးမှူးလည်း ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်အောက်ရှိ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ထွေအုပ်ရုံးများ ဖွဲ့စည်းထားပြီး အုပ်ချုပ်ရေးမှူးများမှာ ထွေအုပ်ဝန်ထမ်း များဖြစ်သည်။ မြို့နယ်ရုံးများသည် အုပ်ချုပ်ရေး ယန္တရား၏ အခြေခံ အုတ်မြစ်များဖြစ်သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများကို တိုက်ရိုက်လမ်းညွှန်မှုများ ပေးသည်။

ယေဘုယျအားဖြင့် ထွေအုပ်မှ တိုက်ရိုက်ထိန်းချုပ်စီမံသော ကိစ္စရပ်များမှာ ၎င်းတို့အတွက်အရေးပါသော်လည်း ၎င်း၏ ဖြန့်ကျက်ထားနိုင်မှု၊ အခြားအစိုးရဌာနများနှင့် ဆက်သွယ်/ညှိနှိုင်း/ ပူးပေါင်းဆောင်ရွက်နိုင် မှုများလည်း အရေးကြီးသည်။ ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို ၂၀၁၁တွင် စတင်ပြုလုပ်ခဲ့သော်လည်း ထွေအုပ် အနေဖြင့် အနည်းအကျဉ်းသာ ပြုလုပ်ခဲ့ပြီး ထိုကာလအတွင်း ပြည်နယ်/တိုင်းဒေသကြီး အဆင့်များတွင် တာဝန်ဝတ္တရားအသစ်များ ထပ်မံလက်ခံရရှိခဲ့ပါသည်။ ထွေအုပ်၏ မိခင်ဌာနဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနသည် အခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်၏ ထောက်ခံချက်ဖြင့် စစ်ဘက်ဝန်ထမ်းအား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်ထားသည့် ဝန်ကြီးဌာန (၃) ခုအနက် တစ်ခုဖြစ်သည်။[၁]

ရွေးကောက်ပွဲများမှသည် ဥပဒေပြုရေး၊ မူဝါဒပြောင်းလဲတိုးတက်မှု စသည့် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ပြုပြင်ပြောင်းလဲမှုများ ရှိနေသော်လည်း အုပ်ချုပ်ရေးယန္တရား အထူးသဖြင့် ဒေသန္တရအဆင့်တွင် ထွေအုပ်၏ အခန်းကဏ္ဍမှာ မပြောင်းလဲဘဲ တသမတ်တည်း ရပ်တည်လျက်ရှိပါသည်။ ဤမူဝါဒရေးရာ အနှစ်ချုပ်သည် အာရှဖောင်ဒေးရှင်းမှပြုလုပ်ခဲ့သော ပိုမို ကျယ်ပြန့်သည့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သုတေသန စာတမ်းကို[၂] အနှစ်ချုပ်ထားခြင်းဖြစ်ပြီး ထွေအုပ်၏ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံများကို ကျယ်ပြန့်စွာ ပုံဖော် ရေးသားတင်ပြထားသည်။

### ၁.၁ နောက်ခံသမိုင်း

လွတ်လပ်ရေးမရမီ မြန်မာနိုင်ငံသမိုင်းတွင် ဒေသန္တရ သက်ဦးဆံပိုင်စနစ်နှင့် ဗြိတိသျှ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်တို့မှ ဆင်းသက်လာသော အထွေထွေအုပ်ချုပ်ရေး အမျိုးအစားအချို့ ပါဝင်သည်။ ဤအခြေအနေများတွင် အာဏာရှိသော အုပ်ချုပ်သူများကို အထွေထွေကိစ္စရပ်များတွင် ကူညီထောက်ပံ့ပေးရန်နှင့် အစိုးရနှင့် ပြည်သူများအကြား ဆက်ဆံရေးကို အထောက်အပံ့ ပေးရန် ပြည်သူ့ဝန်ထမ်းဌာနများ လိုအပ်မှုအပေါ် မူတည်ကာ "အထွေထွေအုပ်ချုပ်ရေး" ပေါ်ပေါက်လာ ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အခြေခံအုပ်ချုပ်ရေးစနစ်သည် "graded territorial system"[၃] ဟု ခေါ်ဆိုနိုင်သည့် နယ်မြေဒေသများအား အထက်အောက် ဖွဲ့စည်းမှု အဆင့်ဆင့်ဖြင့် ဗဟိုမှ ဒေသအဆင့် အထိ ခွဲခြားစီမံ အုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးပါသည်။ "ဝန်ကြီး" များ ဟုခေါ်တွင်သည့် မှူးမတ်များက ကာကွယ်ရေး၊ တရားစီရင် ရေးနှင့် ပြည်ထဲရေးမှသည် အခွန်ကောက်ခံခြင်း၊ လယ်ယာမြေ နှင့် စိုက်ပျိုးရေး၊ ပြည်သူ့ဝန်ဆောင်မှု ဆိုင်ရာအထိ အုပ်ချုပ်ရေး ကဏ္ဍမျိုးစုံ ပါဝင်သည့် ဌာနကြီးများကို စီမံခန့်ခွဲပေးရပါသည်။ အဆိုပါရုံးများ၏ အရေးအကြီးဆုံး အစိတ်အပိုင်းမှာ "မြို့ဝန်" ဟုခေါ်သည့် မြို့အုပ်ချုပ်သူများဖြစ်ပြီး ၎င်းတို့သည် မြို့ရုံးများ ကို စီမံအုပ်ချုပ်သည်။ အခြားသက်ဆိုင်ရာ မင်းမှုထမ်းအရာရှိများမှာ ဒေသအုပ်ချုပ်ရာတွင် လည်းကောင်း၊ မြေခွန်များ ကောက်ခံရာတွင် လည်းကောင်း မြို့ဝန်များအတွက် တာဝန်ယူ ဆောင်ရွက်ပေးကြသည်။ မြို့နယ်၏ လက်အောက်တွင် ကျေးရွာသူကြီးများက ကျေးရွာများကို အုပ်ချုပ်ပြီး ၎င်းတို့အထက် မြို့နယ်ကြီးများတွင်မှူ

[၁] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၃၂
[၂] J.S Furnivall, 1958, *The Governance of Modern Burma*, pg 7.
[၃] ဒေါ်မြစိန်၊ ၁၉၇၃၊ *The Administration of Burma, London: Oxford University Press,* စာ ၁၂၅

ခရိုင်ဝန်များက အုပ်ချုပ်သည်။

ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးစနစ်မှာ ရှိရင်းစွဲ အုပ်ချုပ်ရေးစနစ်ကို အခြေခံပြီး အချိန်ကာလအလျောက် ပြောင်းလဲလာခြင်း ဖြစ်ပါသည်။[၄] အချို့ဒေသများ အထူးသဖြင့် ဝေးလံခေါင်သီသော ဒေသများတွင် ရှိရင်းစွဲ ဒေသခံအကြီးအကဲများကိုသာ အုပ်ချုပ်စေပြီး ၎င်းတို့အပေါ်တွင်မှ ရုံးစိုက်ထားသော ဗြိတိသျှအရာရှိများက ကြီးကြပ်ခြင်းဖြင့် သွယ်ဝိုက်အုပ်ချုပ်ပါသည်။ ဝန်ရှင်တော်မင်းကြီးမှာ ဒေသန္တရအုပ်ချုပ်ရေးတွင် အမြင့်ဆုံး အာဏာပိုင်ဖြစ်ပြီး ဘုရင်ခံချုပ်အား တာဝန်ခံရပါသည်။ မြန်မာနိုင်ငံအား တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ နှင့် မြို့နယ်များအဖြစ် ခွဲခြားအုပ်ချုပ်ပြီး ဝန်ရှင်တော်မင်းကြီး၊ ဒုတိယဝန်ရှင်တော်မင်းကြီး၊ ခရိုင်ဝန်နှင့် ဝန်ထောက်များမှ ဆင့်ကဲ တာဝန်ယူဆောင်ရွက်ရပါသည်။[၅] ကိုလိုနီခေတ် ဒေသန္တရ အုပ်ချုပ်ရေးမှူးများသည် ပုံမှန်တာဝန်များအပြင် ဒေသတွင်းရှိ ဗဟိုအစိုးရဌာနများဖြစ်သည့် သစ်တော၊ ကျန်းမာရေး၊ ပညာရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ စသည့်ဌာနများကို ပေါင်းစပ်ညှိနှိုင်းပေးသည့် တာဝန်များကိုလည်း ထမ်းဆောင်ကြသည်။ အဆိုပါဌာနများကို ပထမဆုံးအကြိမ်အဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဒေသန္တရလွှမ်းမိုးမှုဖြင့် အုပ်ချုပ်ကြသည်။ ဗြိတိသျှခေတ် အုပ်ချုပ်ရေးစနစ်သည် အထက်ဗမာပြည် ကျေးရွာအုပ်ချုပ်ရေး ဥပဒေနှင့် အောက်ဗမာပြည် ကျေးရွာ အုပ်ချုပ်ရေးဥပဒေတို့တွင် အဓိကအခြေပြုခဲ့ပြီး နောက်ပိုင်းတွင် အဆိုပါဥပဒေကို ၁၉၀၇ ကျေးရွာအုပ်ချုပ်ရေး ဥပဒေအဖြစ် ပြင်ဆင်ပြဌာန်းခဲ့သည်။ အဆိုပါဥပဒေများသည် ကျေးရွာ "သူကြီး"များ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားပြီး "မငြိမ်သက်မှုများကို ထိန်းသိမ်းရန်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများကို ပံ့ပိုးပေးရန်" ဥပဒေကြောင်းအရ ပြဌာန်းသတ်မှတ်ပေးထားပါသည်။[၆]

## ၁.၂။ လွတ်လပ်ရေးရပြီးနောက်ပိုင်း အုပ်ချုပ်မှုစနစ် အခြေအနေ

လွတ်လပ်ရေးရပြီး ကနဦးပိုင်း "ပါလီမန်အစိုးရ" လက်ထက်တွင် အုပ်ချုပ်ရေးယန္တရားအတွက် ကိုလိုနီခေတ်ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ မြန်မာအစိုးရ အတွင်းဝန်များရုံးက အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးရသည်။ အတွင်းဝန်များရုံး ဖွဲ့စည်းပေါ်ပေါက်လာခြင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ရှိစနစ်၏ အမြစ်တောဟု ယူဆနိုင်ပါသည်။ ၁၉၅၇ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနရှိ အတွင်းဝန်ရုံးအား ဝန်ကြီးချုပ်ရုံး[၇] လက်အောက်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၌ ဌာနခွဲနှစ်ခုဖွဲ့စည်းပြီး တစ်ခုကို အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခွဲအဖြစ် အသစ်ဖွင့်လှစ်ခဲ့ပါသည်။ ထိုစဉ်က အုပ်ချုပ်ရေးကဏ္ဍတွင် ဒေသအပိုင်းအခြားအလိုက် ပြည်နယ်/ တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်၊ ရပ်ကွက် နှင့် ကျေးရွာ အုပ်စုများအဖြစ် သတ်မှတ်ခဲ့သည်။

၁၉၆၂ တော်လှန်ရေးကောင်စီမှ အာဏာလွှဲပြောင်းယူပြီးနောက် အစိုးရအဆင့်ဆင့်တွင် လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ဖွဲ့စည်းပြီး အာဏာလွှဲပြောင်း အုပ်ချုပ်စေခဲ့သည်။ အဆင့်များအားလုံးတွင် တပ်မတော်အရာထမ်းများက ကော်မတီဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ ကြပြီး အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များက အဖွဲ့ဝင်များအဖြစ်ပါဝင်ခဲ့ကြသည်။ ၎င်းအခြေအနေသည် ဒေသန္တရအုပ်ချုပ်ရေးတွင် အရပ်ဘက်ဝန်ထမ်း၏ အခွင့်အာဏာများ လျော့ကျသွားခဲ့ပြီး တပ်မတော်သားများ တိုက်ရိုက်ကွပ်ကဲသည့် လုံခြုံရေး နှင့် အုပ်ချုပ်ရေး ကောင်စီများသို့ အာဏာများ အပ်နှင်းခဲ့မှုဖြင့်လည်း တိုက်ဆိုင်နေသည်။

၁၉၇၂ တွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် အတွင်းဝန်များရုံး၏ လုပ်ငန်းများရှိ ကိုလိုနီအမွေအနှစ်များကို ဖယ်ရှားရန် ရည်ရွယ်ပြီး အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနကို ပေါင်းစပ်ဖွဲ့စည်းပြီး ဒေသန္တရအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေး၊ စာနယ်ဇင်း စီစစ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစသည့် လုပ်ငန်းများအပါအဝင် တစ်နိုင်ငံလုံးရှိ အုပ်ချုပ်ရေးလုပ်ငန်းအများစုကို ၎င်း၏ရုံးများက ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။[၈] ထိုအချိန်ကာလတွင် အချို့အရေးကြီးသော လုပ်ငန်းတာဝန်များဖြစ်သည့် တရားစီရင်ရေး၊ မြေယာနှင့် အခွန်စီမံခန့်ခွဲမှုစသည့် ကိစ္စများကို အထွေထွေအုပ်ချုပ်ရေး၏ လုပ်ငန်းတာဝန်များမှ ဖယ်ရှားပြစ်ခဲ့ကြောင်း တွေ့ရသည်။[၉] ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ သည် အစိုးရအဆင့်ဆင့်တွင် ပြည်သူ့ကောင်စီများကို ဖွဲ့စည်းခဲ့သည်။ ထိုကောင်စီများသည် ယခင်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီများကဲ့သို့သော အုပ်ချုပ်ရေးတာဝန်များကို ဆောင်ရွက်ကြရပါသည်။

---

[၄] John Sydenham Furnivall, *Governance of Modern Burma*, 81.

[၅] ဒေါ်မြစိန်၊ ၁၉၇၃၊ *The Administration of Burma*, စာ ၁၂၅

[၆] ဦးကျော်၊ ၂၀၁၂၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု လေ့လာခြင်း၊ စာမျက်နှာ ၃၄။

[၇] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း၊ စာ ၂၇

[၈] ဦးကျော်၊ စာ ၄၃

[၉] ရောဘတ်တေလာ၊The State in Myanmar, ဟာဝိုင်ယီတက္ကသိုလ်၊ ဟိုနိုလူလူ၊ ၂၀၀၉၊ စာ ၅၀၁

**ပုံစံကွက် ၁။ ထွေအုပ်၏ ကဏ္ဍအလိုက်လုပ်ငန်းများ**

၁။ ဝန်ထမ်းရေးရာ၊ ဘတ်ဂျက်နှင့် စာရင်းဇယားများ ကိုင်တွယ်ခြင်း
၂။ အစည်းအဝေးများ၊ အစီရင်ခံစာများနှင့် ရွေးကောက်ပွဲကော်မရှင်ကို ပံ့ပိုးပေးခြင်း
၃။ ဥပဒေရေးရာများ၊ လုံခြုံရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် မြို့ပြ အိုးအိမ်ဌာနရမ်းခြင်း ကိစ္စရပ်များ ခန့်ခွဲခြင်း
၄ မြေယာနှင့် ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်ကောက်ခံခြင်းနှင့် အခြားဝန်ကြီးဌာနများမှ လွှဲအပ်သောတာဝန်များ
၅။ စီးပွားရေး၊ လူမှုရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကိစ္စရပ်များ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) သည် ၄င်းတို့ အာဏာသိမ်းယူခဲ့သည့် ၁၉၈၈ နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများ သိသိသာသာ ပြုလုပ်ခဲ့သည်။ နဝတသည် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအသီးသီးတွင် တပ်မတော်သားများ၊ ထွေအုပ်ဝန်ထမ်းများ နှင့် ရဲဝန်ထမ်းများပါဝင်သည့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ အဆင့်ဆင့် ဖွဲ့စည်းခဲ့ပါသည်။

အထွေထွေဦးစီးဌာနအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟူ၍ ပြင် ဆင်ခေါ်ဆိုခဲ့ကာ ပြန်လည်ပြင်ဆင် ဖွဲ့စည်းထားသော ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိခဲ့သည်။ လက်ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် ထိုမှစတင် အခြေပြုလာခဲ့ခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ထွေအုပ်သည် နဝတကောင်စီ အဆင့်ဆင့်နှင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်၏ ဒေသန္တရအုပ်ချုပ်ရေးများကို ဆောင်ရွက်ရာတွင် အဓိကကျ သော နေရာမှ ပါဝင်ခဲ့သည်။

ပြန်လည်ပြင်ဆင်မဖွဲ့စည်းမီကာလအထိ ထွေအုပ်ရုံးများ၏ အဓိကတာဝန်များမှာ မြို့ပြနှင့် ကျေးလက်အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ စာပေစိစစ်ရေး နှင့် မှတ်ပုံတင်ခြင်း၊ မြေယာ နှင့် ယစ်မျိုးခွန် စသည့်အခွန်အရပ်ရပ် ကောက်ခံခြင်းနှင့် အခြား တာဝန်ဝတ္တရားတို့ဖြစ်သည်။

## နှစ်။ ။အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လုပ်ပိုင်ခွင့်နှင့် ဖွဲ့စည်းပုံ

### ၂.၁။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သည် ပြည်ထဲရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၁၉၈၈ ခုနှစ်ကတည်းက ပြည်ထဲရေးလက်အောက်တွင် ရှိခဲ့ခြင်းဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် အဆင့်မြင့် တပ်မတော်သားအရာရှိများ ဦးဆောင်သော အရေးကြီးသည့် ဝန်ကြီးဌာနကြီး သုံးခုအနက်မှ တစ်ခုဖြစ်ပြီး အခြားဝန်ကြီးဌာန နှစ်ခုမှာ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ထွေအုပ်၏ ညီနောင်ဦးစီးဌာန၊ အဖွဲ့အစည်းများသည် ရဲတပ်ဖွဲ့၊ အထူး စုံစမ်းစစ်ဆေးရေး၊ အကျဉ်းထောင်နှင့် မီးသတ်များ စသည်ဖြင့် နိုင်ငံ တော်လုံခြုံရေးနှင့် ဆက်နွယ်နေသည့် ဌာနများဖြစ်ပါသည်။ ၄င်းဌာနများအကြားတွင် ထွေအုပ်သည်လည်း အုပ်ချုပ်ရေးကဏ္ဍမှနေ၍ ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေး တို့ကို ကာကွယ်ပေးရသည့် တာဝန်ကြီးကို ယူထားသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများအပါအဝင် နိုင်ငံနှင့် အခြားဒေသအဆင့်ဆင့်အတွက် ထွေအုပ်မှဆောင်ရွက်နေသော အခြေခံအုပ်ချုပ်ရေး တာဝန်များတွင် လုံခြုံရေးကဏ္ဍသည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ရှိနေသည်။[၁၀]

ထွေအုပ်၏ အဓိက ရည်ရွယ်ချက်များမှာ တရားဥပဒေစိုးမိုးရေး၊ ကျေးရွာ၊ မြို့နယ်များ အေးချမ်းလုံခြုံရေးနှင့် ပြည်သူ့အကျိုးပြု ကိစ္စရပ်များ ဆောင်ရွက်ပေးရန် တို့ဖြစ်ပါသည်။[၁၁] ထွေအုပ်သည် အစိုးရ၏ လုံခြုံရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးပေးရပြီး သက်ဆိုင်သောသတင်းအချက်အလက်များကို ဌာနတွင်းစနစ်မှတဆင့် နေပြည်တော်သို့ ပြန်လည်အစီရင်ခံ ပေးပို့ပေးရသည်။ ထိုသို့ တင်ပြရသော အချက်အလက်များတွင် လူရွှေ့ပြောင်းသွား လာမှု အခြေအနေ၊ လုံခြုံရေးဆိုင်ရာ ဖြစ်စဉ်များ၊ အခြေခံလူဦးရေ စာရင်းများ ပါဝင်ပါသည်။

ထွေအုပ်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရ နှင့် ဒေသန္တရအုပ်ချုပ်ရေး အဆင့်ဆင့်များ အကြား ဆက်သွယ်ပေးနေသော အဓိက အချိတ်အဆက်ပင် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏ အဓိကအုပ်ချုပ်ရေး

[၁၀] ပြည်ထဲရေးဝန်ကြီးဌာန၏ ပါဝါပွိုင့်

[၁၁] ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဘတ်ဂျက်အသုံးစရိတ်အား ထွေအုပ်၏ ဘတ်ဂျက်အသုံးစရိတ်မှ ခွဲထုတ်ခဲ့ပြီး လွှတ်တော်၏ လွတ်လပ်ခွင့်ကို မြှင့်တင်ခဲ့သော်လည်း ဝန်ထမ်းများအားလုံးမှာ ထွေအုပ်မှ ဖြစ်ပါသည်။

ဆိုင်ရာ စီရင်စုများဖြစ်သည့် ခရိုင်နှင့် မြို့နယ်များအပေါ် ထွေအုပ်၏ တိုက်ရိုက်အုပ်ချုပ်ရေး တာဝန်များကိုလည်း ဖော်ပြထားပါသည်။ ထို့အပြင် အသစ်ပေါ်ပေါက်လာသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုနယ်မြေ ဖြစ်သည့် နေပြည်တော်တို့တွင်လည်း ထွေအုပ်အတွက် တာဝန်ဝတ္တရားအသစ်များ ချထားပေးခံရပါသည်။ ၂၀၁၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေတွင်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ထွေအုပ်၏ နိုင်ငံအဆင့်တာဝန်များကို ထပ်လောင်းဖော်ပြထားပါသည်။ ထွေအုပ်သည် အသစ်ဖွဲ့စည်းလိုက်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့် အုပ်ချုပ်ရေး ကဏ္ဍတွင် ရုံးအဖွဲ့သုံးခု ထပ်မံဖွဲ့စည်းကာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ ပြည်သူ့ဝန်ထမ်းများအဖြစ် တာဝန်များ ယူထားရသည်။

ထွေအုပ်၏ လုပ်ပိုင်ခွင့်များသည် ၂၀၀၈ခုနှစ်မှစတင်ကာ များပြားလာခဲ့သည်။ တပ်မတော်အရာရှိများ ပါဝင်သည့် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့် ဖျက်သိမ်းလိုက်သည့်အတွက် ထွေအုပ်၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ အရေးပါမှု နှင့် အခွင့်အာဏာများ ထင်ရှားလာခဲ့ပါသည်။

ပြည်နယ် နှင့် တိုင်းဒေသကြီးအစိုးရများသည် သီးခြား ဝန်ထမ်းများ မရှိသည့်အတွက် ပုံမှန်တာဝန်များ ထမ်းဆောင်ရန် ထွေအုပ်အပေါ် လုံးဝမှီခိုနေရပါသည်။[၁၂] ဒေသန္တရအဆင့်တွင် ထွေအုပ်၏ လွှမ်းမိုးမှုကို လျှော့ချရန်အတွက် တစ်ခုတည်းသော ဖြစ်စဉ်မှာ ၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ (၂၀၁၂) ဖြစ်ပြီး ရပ်ကွက် နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို သွယ်ဝိုက် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။

ရပ်ကွက်ကျေးရွာစာရေးများမှာမူ ထွေအုပ်ဝန်ထမ်းများအဖြစ် ခန့်အပ်ထားရှိသည်။[၁၃] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာ သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း ထွေအုပ်သည် ရုံးများ ဖွင့်လှစ်ဆောင်ရွက်လျှက်ရှိသည်။

အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များကို ထောက်ရှုခြင်းအားဖြင့် ထွေအုပ်၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ ကဏ္ဍ(၂)ရပ်တွင် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါသည်။[၁၄] ပထမတစ်ခုမှာ "မူလတာဝန်များ" ဖြစ်ပြီး ဒုတိယတစ်ခုမှာ ဒေသန္တရအုပ်ချုပ်ရေး စနစ်သစ်ကြောင့် ပေါ်ထွက်လာသည့် "တာဝန်သစ်များ" ဖြစ်သည်။

ပထမကဏ္ဍအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် ဆက်စပ်ဥပဒေများတွင် ထွေအုပ်၏ မူလတာဝန်များဖြစ်သည့် ယစ်မျိုး စီမံခန့်ခွဲမှု၊ အခွန်အမျိုးမျိုးကောက်ခံမှု၊ လူဦးရေစာရင်း ကောက်ခံမှု၊ လယ်ယာမြေစီမံခန့်ခွဲမှု နှင့် ဒေသတွင်း ပဋိပက္ခ ဖြေရှင်းမှုများကို ထဲထဲဝင်ဝင် ဖော်ပြထားခြင်းမရှိပါ။ နိုင်ငံတော်၏ အုပ်ချုပ်ရေးယူနစ်များ ဖြစ်သည့် ခရိုင်နှင့် မြို့နယ်များအား အုပ်ချုပ်ခြင်း နှင့် ရပ်ကွက်/ ကျေးရွာ အုပ်စုပေါင်း ၁၆,၇၀၀ ကျော်အား စီမံခန့်ခွဲခြင်းတို့ဖြင့် ထွေအုပ်အနေ ဖြင့် ၎င်း၏ မူလတာဝန်များကို ဆက်လက် ဆောင်ရွက်လျှက်ရှိပါသည်။

ဒုတိယကဏ္ဍမှာမူ အသစ်ဖွဲ့စည်းထားသော ပြည်နယ်တိုင်းအစိုးရများကို တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။ ပြည်နယ်တိုင်းအစိုးရများ နှင့် ဝန်ကြီးချုပ်များ၏ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက် လျှက်ရှိသည်။

ပုံ ၁၊ ထွေအုပ်၏ ကဏ္ဍ ၂ရပ်




[၁၂] ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ ပုဒ်မ ၈

[၁၃] အဆိုပါ ကဏ္ဍ(၂)ခု အယူအဆမှာ အဆင့်မြင့် ထွေအုပ်ဝန်ထမ်းများအား တွေ့ဆုံမေးမြန်းရာတွင် ကြိမ်ဖန်များစွာ ဖြေကြားခဲ့သော်လည်း ထွေအုပ် မူဝါဒလမ်းညွှန်တွင် ပါရှိခြင်း မရှိပါ။ မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးမှ အဆိုပါ ကဏ္ဍများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပေးခဲ့ပါသည်။

[၁၄] ထွေအုပ်သတင်းလွှာ

တာဝန်သစ်များကြောင့် ထွေအုပ်အနေဖြင့် မူလက ပြည်ထောင်စု အစိုးရအတွက်သာ တာဝန်ခံဆောင်ရွက်နေခြင်းမှ ဒေသန္တရ အစိုးရများ ပေါ်ထွန်းလာခြင်းကြောင့် ၎င်း၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင် ရန် ဗဟိုမှချုပ်ကိုင်မှု အတန်အသင့်လျော့ကျပြီး ဒေသအဆင့်ကိုပါ ဆောင်ရွက်ပေးနေရသည့် ဌာနတစ်ခု ဖြစ်လာပါသည်။

## ၂.၂။ ထွေအုပ်၏ ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံ

အထက်ပါ ကဏ္ဍနစ်ရပ်လုံးတွင် တာဝန်ထမ်းဆောင်နေရသော်လည်း ထွေအုပ်သည် ပြည်ထောင်စုအဆင့် ရုံးချုပ်အဆင့်တွင် ဖွဲ့စည်းပုံကို အနည်းငယ်မျှသာ ပြောင်းလဲခဲ့သည်။

| အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ |
| --- |
| • ညွှန်ကြားရေးမှူးချုပ် (၁)<br>• ဒုတိယညွှန်ကြားရေးမှူးချုပ် (၁၇)<br>• ညွှန်ကြားရေးမှူး (၂၅)<br>• ဒုတိယညွှန်ကြားရေးမှူး (၁၃၂)<br>• လက်ထောက်ညွှန်ကြားရေးမှူး (၄၉၃)<br>• ဦးစီးအရာရှိ (၁၄၅၂) |

ဌာနခွဲတစ်ခုသာ ထပ်မံဖြည့်စွက်ခဲ့ပြီး ၎င်းဌာနမှာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် နိုင်ငံတကာရေးရာဌာနဖြစ်သည်။[၁၅] ပြည်နယ်တိုင်းအဆင့်တွင်မူ သိသိသာသာ ပြောင်းလဲမှုများ ရှိခဲ့သည်။ ထွေအုပ်ရုံးများကို ပြည်နယ်တိုင်း မြို့တော်များတွင် ထပ်မံဖွင့်လှစ်ခဲ့ပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ငါးခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ ခုတို့တွင်လည်း ထွေအုပ်ရုံးများ ဖွင့်လှစ်ထားရှိသည်။ ထွေအုပ် သည် လက်ရှိတွင် တစ်နိုင်ငံလုံးတွင် ဝန်ထမ်းပေါင်း ၃၆၀၈၀ ဦးခန့်ထား ဆောင်ရွက်နေသည်။

ထွေအုပ်၏ လူ့အရင်းအမြစ်များမှာ ဌာန၏ အဆင့်ဆင့် အာဏာခွဲဝေသည့် အနေအထားကို ညွှန်ပြလျက်ရှိသည်။ ထွေအုပ်တွင် အရာထမ်းနှင့် အမှုထမ်းဟူ၍ ခွဲခြားထားပါသည်။[၁၆] ဝန်ထမ်းအင်အားအများစုမှာ မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်တွင်ဖြစ်ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဝန်ထမ်း အင်အားမှာ အများဆုံးဖြစ်ပါသည်။ အဆင့်မြင့်စီမံခန့်ခွဲသည့် ဝန်ထမ်းများဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ၁၆ ဦး အနက် ၁၄ ဦးမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တာဝန် ထမ်းဆောင်ကြသည်။

ထွေအုပ်ဝန်ထမ်းများသည် တစ်နေရာတွင် (၃) နှစ်ကြာ လှည့်လည် တာဝန်ထမ်းဆောင်ရပါသည်။ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှတဆင့် ရွေးချယ်ခန့်ထားသည်။




ထွေအုပ်ဝန်ထမ်းများအကြား အရာထမ်း နှင့် အမှုထမ်းများအကြား ကျားမ အချိုးအစားကိုလည်း သတိချပ်သင့်ပါသည်။ အမှုထမ်းများအနက် အမျိုးသမီးရာခိုင်နှုန်းမှာ ၃၅% ဖြစ်ပြီး အရာထမ်းများအနက် အမျိုးသမီးရာခိုင်နှုန်းမှာ ၁၁% ဖြစ်သည်။[၁၇] အမျိုးသမီး မြို့နယ်အုပ်ချုပ် ရေးမှူး တစ်ဦးတစ်ယောက်မျှ မရှိပါ။ သို့သော် ကျားမ ညီမျှမှုကို ထည့်သွင်းစဉ်းစားသည့်အနေဖြင့် ထွေအုပ်ရုံးချုပ်သည် ရန်ကုန်တိုင်းဒေသကြီးတွင် ဒုမြို့နယ်အုပ်ချုပ်ရေးမှူးကို အမျိုးသမီး ခန့်ထားသည်။ ဥပဒေအရ အမျိုးသမီးများ မပါဝင်ရန် သတ်မှတ်ထားခြင်း မရှိသော်လည်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၅,၉၇၂ ဦးအနက် အမျိုးသမီး ၁၇ ဦးသာ ရှိပါသည်။[၁၈]

[၁၅] အရာထမ်းဝန်ထမ်းများမှာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများဖြစ်ပါသည်။ အမှုထမ်းများမှာယ ရုံးအုပ်၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေး၊ အငယ်တန်းစာရေး၊ ရုံးအကူ၊ သန့်ရှင်းရေးနှင့် ယာဉ်မောင်းများဖြစ်ပါသည်။

[၁၆] ထွေအုပ် လူသားအရင်းအမြစ်ဆိုင်ရာ ကိန်းဂဏန်းများ

[၁၇] ထွေအုပ်၏ လက်ရှိစည်းကမ်းချက်များအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးအဖြစ် အမျိုးသားကိုသာ ခန့်ထားခွင့်ရှိပါသည်။ ၂၀၁၀ ခုနှစ် မတိုင်ခင်က အဆိုပါ နေရာများအတွက် အမျိုးသမီးများကို ခန့်ထားခွင့် ရှိပါသည်။

[၁၈] ထွေအုပ်မှတ်တမ်းလက်တွဲ၊ အပိုဒ်၈

## *တာဝန်၏ ဌာနခွဲများ*

ပြည်ထောင်စုအဆင့်တွင် ထွေအုပ်သည် ၄င်း၏ မူလတာဝန်များကိုသာ အဓိကထမ်းဆောင်ရသည်။[၁၉] အဆိုပါတာဝန်များကို နေပြည်တော်တွင်ရှိသော ထွေအုပ်ရုံးချုပ်တွင်ရှိသည့် ဌာနခွဲ ၆ခု သည် ခွဲဝေထမ်းဆောင်ကြသည်။[၂၀] ၇ ခုမြောက် ဌာနခွဲဖြစ်သည့် အုပ်ချုပ်ရေးဖွံ့ဖြိုးရေး သင်တန်းကျောင်းသည် ရန်ကုန်မြို့မြောက်ပိုင်းတွင် ရှိသည်။ အဆိုပါ အုပ်ချုပ်ရေး ဖွံ့ဖြိုးရေးသင်တန်းကျောင်းသည် ထွေအုပ်ဝန်ထမ်းများ၏ သင်ကြားရေးဌာနလည်း ဖြစ်သည်။[၂၁]

## *စီမံရေးရာ၊ ဝန်ထမ်းရေးရာ နှင့် ထောက်ပံ့ဌာန*

ဤဌာနသည်ဌာနတွင်းဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ပါသည်။ အထူးသဖြင့် ရုံးလုပ်ငန်းလည်ပတ်နိုင်ရန် စီမံရေးရာ၊ ငွေစာရင်း နှင့် ဝန်ထမ်းရေးရာတို့ကို စီမံခန့်ခွဲပါသည်။[၂၂] ပုံမှန်တာဝန်များမှာ အုပ်ချုပ် ရေးမှူးများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ဝန်ထမ်းအရွှေ့အပြောင်း၊ ခွင့် နှင့် အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်ကိစ္စရပ်များဖြစ်ပါသည်။ထို့ပြင် ပြည်ထဲရေးဝန်ကြီး ဌာနအောက်ရှိ အခြားဌာနများအတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာတို့ကို ပံ့ပိုးပေးရပါသည်။

## *အထွေထွေဌာန*

ဤဌာနသည် ထွေအုပ်၏ အထွေထွေတာဝန်မျိုးစုံကို ဆောင်ရွက်သည့် ဌာနတစ်ခုဖြစ်ပါသည်။[၂၃] အထူးသဖြင့် ဥပဒေရေးရာနှင့် ပတ်သက်သည့် တာဝန်မျိုးစုံကို ထမ်းဆောင်ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ထွေအုပ်၏ ဥပဒေများနှင့် မူဝါဒများကို ၎င်း၏ ဝန်ထမ်းများ လိုက်နာအကောင်အထည်ဖော်စေရန်နှင့် လွှတ်တော်မှ မေးမြန်းသည်များကို ဖြေကြားခြင်းတို့ကို အဓိကထား ဆောင်ရွက်ရပါသည်။ ထို့ပြင် ၁၉၈၇ ခုနှစ် ဥပဒေဖြင့် ပြဌာန်းထားသည့် နိုင်ငံခြားသားပိုင်ပစ္စည်းများကို မြန်မာနိုင်ငံသားများထံ လွှဲပြောင်းရန်ကိစ္စတို့လည်း ပါဝင်ပါသည်။[၂၄] အခြား အရေးကြီး တာဝန်တစ်ခု အဖြစ် ပြည်တွင်းနှင့် ပြည်ပတို့ရှိ NGO များ မြန်မာနိုင်ငံ၌ လူမှုရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် မှတ်ပုံတင်ပေးခြင်းပင်ဖြစ်ပါသည်။ ဒေသနယ်နိမိတ်နှင့် ပတ်သက်၍ ဤဌာနသည် ခရိုင်နှင့် မြို့နယ်များ၏ ပထဝီဝင်ဒေသများကို ပိုင်းခြားပြီး နယ်နိမိတ်သတ်မှတ်သည့် လုပ်ငန်းတစ်ခုလည်း ပါဝင်ပါသည်။[၂၅] နောက်ဆုံးတာဝန်တစ်ခုအနေဖြင့် အထွေထွေဌာနသည် နိုင်ငံ့ဝန်ထမ်းများ၊ ရဲ နှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက်သာမက သံဃာတော် နှင့် လူပုဂ္ဂိုလ်များအတွက် နိုင်ငံတော်မှ ဘွဲ့ထူး ဂုဏ်ထူးများ ချီးမြှင့်နိုင်ရေး အတွက်လည်း တာဝန်ယူ ဆောင်ရွက်ရပါသည်။

## *မြေ၊ ယစ်မျိုး နှင့် အခွန်ဌာန*

ဤဌာနသည် မြေနှင့် ယစ်မျိုး စီမံခန့်ခွဲမှု နှင့် အခွန်လေးမျိုးဖြစ်သည့် မြေခွန်၊ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန် နှင့် တာတမံခွန် တို့ကို စီမံခန့်ခွဲပါသည်။ မြေစီမံခန့်ခွဲခြင်း နှင့်ပတ်သက်၍ ထွေအုပ်အနေဖြင့် မြို့ပြမြေများနှင့် ယင်းတို့နှင့်ဆက်စပ်သည့် မှတ်ပုံတင်ခြင်း၊ လူနေထိုင်ခွင့် နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ၊ စီးပွားရေးလုပ်ကိုင်နိုင်ရန် မြေများချ ပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။[၂၆] ထွေအုပ်အနေဖြင့် ကျောင်းများ၊ လမ်းများနှင့် အထူးစီးပွားရေးဇုန် စသည်တို့အတွက် အများပြည်သူ့ အကျိုးငှာ မြေသိမ်းခြင်းတို့ကို ဆောင်ရွက်ရပါသည်။ ဤဌာနအနေဖြင့် မြေအငြင်းပွားမှုများဖြေရှင်းရာတွင်လည်း ပါဝင်ပတ်သက်မှုရှိပါသည်။[၂၇] ယခု၂၀၁၅ခုနှစ်တွင် မြေယာ၊ယစ်မျိုးနှင့် အခွန်ဌာနကို မြေယာစီမံ ခန့်ခွဲရေးဌာနနှင့် ယစ်မျိုးနှင့် အခွန်စီမံခန့်ခွဲရေးဌာနအဖြစ် ဌာနခွဲ ထပ်မံခွဲခြား သတ်မှတ်ဆောင်ရွက်လျှက်ရှိသည်။

---

[၁၉] ထွေအုပ်လက်ကမ်းစာစောင်

[၂၀] ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း ၂၀၁၂၊ စာ ၄

[၂၁] နေထွန်း စာ ၁၁၆

[၂၂] အထွေထွေဌာနမှ ညွှန်မှူးနှင့် အရာထမ်းများနှင့် တွေ့ဆုံမေးမြန်းချက်နှင့် ထွေအုပ်လက်ကမ်းစာစောင်

[၂၃] မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ကန့်သတ်သည့် ဥပဒေ

[၂၄] ၁၉၇၂ခုနှစ်တွင် ခရိုင်ပေါင်း (၄၇)ခုနှင့် မြို့နယ်ပေါင်း (၂၈၆)ခုရှိခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ခရိုင်ပေါင်း(၆၅)ခုနှင့် မြို့နယ်ပေါင်း (၃၂၅)ခုရှိလာပြီး ၂၀၁၄ ခုနှစ်တွင် ခရိုင်ပေါင်း (၇၃)ခုနှင့် မြို့နယ်ပေါင်း (၃၃၀)ရှိလာပါသည်။ ဦးကျော် စာ ၅၈ ၊ ၆၃

[၂၅] လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေများစာရင်းကို ထိန်းသိမ်းပြီး ထွေအုပ်မှ စားကျက်မြေများကို စီမံခန့်ခွဲပါသည်။

[၂၆] ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်အမှတ်(၅၉/၂၀၁၃)ဖြင့် မြေယာစီမံခန့်ခွဲရေး ဗဟိုကော်မတီအား ဒုတိယသမ္မတမှ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ပါသည်။ ဗဟိုမှသည် ကျေးရွာအဆင့်အထိ ကော်မတီများကို အဆင့်ဆင့် ဖွဲ့စည်းထားပြီးယင်းကော်မတီများ၏ တာဝန်များမှာ မြေယာ အငြင်းပွားမှု၊ ဖြေရှင်းပေးရေး၊ မြေသိမ်းယာသိမ်း ကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်ကြားစာများကို ဖြေရှင်းပေးခြင်းတို့ဖြစ်ပါသည်။ ဒေသအဆင့်တွင် အဆိုပါကော်မတီများကို လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီ၏ လက်အောက်တွင် ထည့်သွင်းထားပါသည်။

[၂၇] ဘတ်ဂျက်နှင့် ငွေစာရင်းဌာနမှ ညွှန်မှူးနှင့် အရာထမ်းများအား တွေ့ဆုံမေးမြန်းချက်

## *ဘတ်ဂျက်နှင့် ငွေစာရင်းဌာန*

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ မရှိသေးခင် ၂၀၁၁ ခုနှစ် မတိုင်မီ ကာလများအတွင်း ထွေအုပ်ရုံးချုပ်ရှိ ဘတ်ဂျက်နှင့် ငွေစာရင်းဌာနမှ ပြည်နယ်နှင့် တိုင်းအားလုံးအတွက် ဘတ်ဂျက် လျာထားချက်များ ကို တွက်ချက်ပေးပါသည်။[၂၈] ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရထွေအုပ်၏ဘတ်ဂျက်အသုံးစရိတ်အား ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ထွေအုပ်ရုံးများဟူ၍ (၂) ပိုင်း ခွဲခြားထားပါသည်။ ပြည်ထောင်စုအဆင့် ထွေအုပ်ဘတ်ဂျက်တွင် (၁) ထွေအုပ်ရုံးချုပ်၏ အသုံးစရိတ်၊ (၂) အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း၏ ဘတ်ဂျက်နှင့် (၃) နေပြည်တော်ကောင်စီ၏ ဘတ်ဂျက်များ ပါဝင်ပါသည်။ ထွေအုပ်ရုံးချုပ်မှ ပြည်ထောင်စုအဆင့် ဘတ်ဂျက်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရပါသည်။ ခွင့်ပြုချက်ရရှိ ပြီးနောက် ဘတ်ဂျက်နှင့် ငွေစာရင်းဌာနမှ ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြနိုင်ရေးအတွက် ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော်မှ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်း ပေးပါသည်။ ဥပမာအား ဖြင့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့် ထွေအုပ် အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၂,၀၉၃.၃၈၄ ဖြစ်ပြီး အများစုမှာ ဝန်ထမ်းလစာနှင့် စရိတ်များဖြစ်ပါ သည်။[၂၉]

၂၀၁၁ မှစတင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဘတ်ဂျက်အား သက်ဆိုင်ရာ ထွေအုပ်ရုံးများမှတစ်ဆင့် စတင်စီမံခန့်ခွဲသည့်စနစ်ကို ကျင့်သုံးခဲ့ပါသည်။[၃၀] ထိုသို့စီမံခန့်ခွဲရာတွင် ဒေသအဆင့်ဆင့်ရှိ ထွေအုပ်ဝန်ထမ်းများ၏ လစာ နှင့် စရိတ်များလည်း ပါဝင်ပါသည်။ ထွေအုပ်၏ ဘတ်ဂျက်လိုအပ်ချက်အား သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်ဂျက်များတွင် လျာထား၍ သက်ဆိုင်ရာ ဝန်ကြီးချုပ်များမှ နေပြည်တော်သို့ နှစ်စဉ်တင်ပြရပါသည်။ ကိန်းဂဏန်း အတိအကျ မသိရှိရသော်လည်း ရုံးချုပ်မှ တဆင့် ပြည်နယ်တိုင်း ထွေအုပ်ရုံးများသို့ ချပေးသော ဘတ်ဂျက် ပမာဏ အနည်းငယ်ကိုသာ ထည့်သွင်းလျာ ထားပါသည်။

၎င်းဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့အတွက် သဘာဝဘေး အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်ပတ်သက်၍ စီမံချက်များ ရေးဆွဲပေးရပါသည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအမျိုးသားကော်မတီအား ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ထွေအုပ်ညွှန်ချုပ်မှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။ ပြည်နယ်တိုင်းအဆင့်တွင် လည်း ၎င်းကော်မတီကဲ့သို့ ကော်မတီသို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားပြီး ထွေအုပ်မှ ပါဝင်ဆောင်ရွက်လျှက်ရှိသည်။

## *နိုင်ငံတကာရေးရာဌာန*

နိုင်ငံတကာရေးရာဌာနသည် ထွေအုပ်ရုံးချုပ်တွင် ဖွင့်လှစ်ခဲ့သည့် ဌာနသစ်တစ်ခုဖြစ်ပြီး ထွေအုပ်အတွက် အရေးကြီးသည့် ဌာနတစ်ခု ဖြစ်ပါပြီး နိုင်ငံတကာ အသိုက်အဝန်းနှင့် ဆက်သွယ် ဆောင်ရွက်ရန် တာဝန်ယူရပြီး ကုလသမဂ္ဂ အေဂျင်စီများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် တာဝန်ယူရသောဌာနဖြစ်သည်။

ဌာနသည် ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် UNDP နှင့် ဥရောပသမဂ္ဂ (EU)တို့ ဦးဆောင်ပါဝင်သော ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအဖွဲ့တွင်လည်း တာဝန်ယူဆောင်ရွက်နေပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် စသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ လိုအပ်ချက်များနှင့် တောင်းဆိုမှုများကိုလည်း တာဝန်ယူဖြေရှင်းပေး နေရသည်။ နယ်စပ်ရေးရာ အငြင်းပွားမှုများ အထူးသဖြင့် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့် ဖြစ်ပွားနေသော နယ်စပ်အငြင်းပွားမှုများကို ဖြေရှင်းရာတွင်လည်း တာဝန်ယူရပါသည်။

သင်ကြားရေးနှင့် သုတေသနဌာနသည် ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး မြို့နယ်များမှ ကောက်ခံရရှိသော သတင်းအချက်အလက်များကို စုစည်းပြီး အစိုးရအသုံးပြုနိုင်ရန်အတွက် နှစ်စဉ် ပြန်တမ်းများ ထုတ်ပြန်ဆောင်ရွက်ရသော ဌာနဖြစ်သည်။ ဌာနသည် လွှတ်တော်မေးမြန်း ချက်များကို ပြန်လည်ဖြေကြားခြင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်တိုင်း ရွေးကောက်ပွဲ ကော်မတီများတွင်လည်း ဆက်သွယ်တာဝန်ယူဆောင်ရွက်ပေးရသည်။ ဌာနသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့်လည်း သင်ကြားရေးကိစ္စများအတွက် ညှိနှိုင်းဆောင်ရွက်ပေးရပါသည်။

အုပ်ချုပ်ရေးပညာဖွံ့ဖြိုးရေး သင်တန်းကျောင်းသည် ထွေအုပ်သင်တန်း ကျောင်းတစ်ခုဖြစ်ပြီး မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းတွင် တည်ရှိပါသည်။ ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်

---

[၂၈] ထွေအုပ် ၂၀၁၂ခုနှစ်မှတ်တမ်း စာ-၁၀၁

[၂၉] ဘတ်ဂျက်အား ကိုင်တွယ်သုံးစွဲရန်ဖြစ်ပြီး လျာထားခြင်း သို့မဟုတ် သတ်မှတ်ခြင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းများအား ဗဟိုမှ ချုပ်ကိုင်ထား၍ ဖြစ်ပါသည်။

[၃၀] ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစည်းအဝေးမှတ်တမ်းများကို ထွေအုပ်ရုံးဖြစ်သည့် အစိုးရအဖွဲ့ရုံးမှ မှတ်တမ်းတင်ရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ ဥပဒေ၊ ပုဒ်မ၅၀

နေကြသော အုပ်ချုပ်ရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန် အဓိကရည်ရွယ်ပြီး ညွှန်ကြားရေးမှူးမှ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူ ဆောင်ရွက်ပါသည်။ အဆိုပါ ညွှန်ကြားရေးမှူးသည် ရုံးချုပ်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ကို တာဝန်ခံ ဆောင်ရွက်ရပါသည်။

## ၂.၃ ထွေအုပ်၏ တာဝန်နှင့်ဖွဲ့စည်းပုံ (ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်)

### *ပြည်နယ်နှင့် တိုင်းဒေသကြီး*

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ် နှင့် တိုင်းဒေသကြီး (၁၄) ခုတို့တွင် အစိုးရများဖွဲ့စည်းခဲ့ပြီး ထွေအုပ်မှ လိုအပ်သည့် အုပ်ချုပ် မှုဆိုင်ရာ ပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။[၃၀] ထွေအုပ်အနေဖြင့် ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရများ၊ လွှတ်တော်များ နှင့် ပြည်ထောင်စု အဆင့်ဝန်ကြီးဌာနများ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးများအတွက် အခြေခံအုပ်ချုပ်မှုနှင့် ညှိနှိုင်းမှုဆိုင်ရာတာဝန်များကို ဆောင်ရွက်ပေးပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ထွေအုပ်အကြီးအမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူ) သည် သက်ဆိုင်ရာအစိုးရအဖွဲ့၏ ရာထူးအလျောက် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ရပြီး အစိုးရအဖွဲ့ရုံးနှင့် လွှတ်တော်ရှိ ထွေအုပ်ဝန်ထမ်း ၂၅၀ ဦးကို စီမံခန့်ခွဲ ရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ခုနှင့်တစ်ခု အရွယ်အစား မတူညီသော်လည်း ထွေအုပ်ဝန်ထမ်း ဖွဲ့စည်းပုံနှင့် တာဝန်များမှာ အတူတူပင် ဖြစ်ပါသည်။

ထွေအုပ်၏ အစိုးရအဖွဲ့ရုံးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များ နှင့် ဝန်ကြီး (၉) ပါးတို့ပါဝင်သည့် အစိုးရအဖွဲ့အတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာ ပံ့ပိုးမှုများကို ပေးအပ်ပြီး လွှတ်တော်ရုံးအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး များ၏ လွှတ်တော်ဆိုင်ရာ အုပ်ချုပ်မှုများကို ပံ့ပိုးပေးပါသည်။ ထွေအုပ် အုပ်ချုပ်ရေးမှူးရုံးမှ ငွေ စာရင်းနှင့် လူသားအရင်းအမြစ်လိုအပ်ချက်စသည့် အုပ်ချုပ်ရေးကိစ္စ များကို ဆောင်ရွက်ပါသည်။ ထွေအုပ်မှ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် "အလျားလိုက်" ပါဝင်ဆောင်ရွက်နေပြီး စာပေးစာယူ၊ အုပ်ချုပ်ရေး၊ ဘတ်ဂျက်နှင့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဌာနများ၏ နေ့စဉ်ကိစ္စရပ်များကို ဆောင်ရွက်ပေးနေသည့်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ထွေအုပ်၏ဆောက်ရွက်ချက်များပေါ်တွင် အဓိက မှီခိုနေရပါသည်။

ထွေအုပ်၏ ပြည်နယ်နှင့် တိုင်းအစိုးရအဖွဲ့ အထွေထွေအတွင်းရေးမှူးသည် ၂၀၀၈ ဖွဲ့စည်းပုံ မတိုင်မီကကဲ့သို့ပင် နေပြည်တော်ရှိ ထွေအုပ် ရုံးချုပ်ကို တာဝန်ခံရပါသည်။ ထို့အပြင် အဆိုပါ အတွင်းရေးမှူးသည် ပြည်နယ်တိုင်း ဝန်ကြီးချုပ်ကိုလည်း အစီရင်ခံရသည်။[၃၂] ပြည်နယ်တိုင်း ရှိ ထွေအုပ်ရုံးသည် ထွေအုပ်၏ မူလတာဝန်များကို ထမ်းဆောင်ရပြီး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ထွေအုပ်ရုံးချုပ်ရှိ ဌာနခြောက်ခုသို့ ပေးပို့ အစီရင်ခံရပါသည်။ ထွေအုပ်ရုံးတွင် ဌာနခွဲ နှစ်ခုရှိပြီး တစ်ခုသည် ထွေအုပ်၏ ပုံမှန်လုပ်ငန်းများကိုလုပ်ဆောင်ပြီး အခြားတစ်ခုသည် ပြည်နယ်တိုင်း အစိုးရများ၏ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးရပါသည်။[၃၃]

အစိုးရရုံးနှင့် လွှတ်တော်ရုံးများသည် ထွေအုပ်၏ ပြည်နယ်တိုင်း အုပ်ချုပ်မှုစနစ်ကို ထောက်ပံ့ပေးရန်အတွက် အသစ်ဖွဲ့စည်းထားသော ရုံးများဖြစ်သည်။ အစိုးရရုံးတွင် ဌာနခွဲနှစ်ခုရှိပြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၏ လုပ်ငန်းများကို ဆောင်ရွက်ပေးရန် ဖြစ်သည်။ လွှတ်တော်ရုံးတွင်လည်း ဌာနခွဲနှစ်ခုရှိပြီး တစ်ခုမှာ ဥပဒေမူကြမ်းများပြုစုခြင်းစသည့် ဥပဒေရေးရာကိစ္စရပ်များကို ကိုင်တွယ်ပြီး နောက်တစ်ခုမှာ လွှတ်တော် အစည်းအဝေးများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ပါသည်။

ထွေအုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဘတ်ဂျက်နှင့် ငွေစာရင်းစီမံခန့်ခွဲမှုတို့တွင် အရေးကြီးသည့်နေရာမှ ပါဝင်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ထွေအုပ်ရုံးများအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်တွင် အကျုံးမဝင်ဘဲ သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ ဘတ်ဂျက်တွင် အကျုံးဝင်ပါသည်။ ထိုဘတ်ဂျက်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ထွေအုပ်သို့ ချပေးသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေများလည်း ပါဝင်သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ကျပ်သန်း သုံးရာခန့် ထွေအုပ်သို့ ချပေးခဲ့ပါသည်။[၃၄]

---

[၃၀] ထွေအုပ်ကို အခြားအဖွဲ့အစည်းများ သုံးသပ်ကြသည်မှာ ဝန်ကြီးချုပ်၏ အထက်တွင်ရှိသည်ဟု သုံးသပ်ကြသည်။ ဥပမာ- ပြည်နယ်တစ်ခုရှိ အရပ်ဖက်အဖွဲ့အစည်းများက ပြောကြားသည်မှာ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ စီမံခန့်ခွဲရေးစသည့် လုပ်ပိုင်ခွင့်ရှိသော်လည်း ပြည်နယ်တိုင်းဒေသကြီး ဘတ်ဂျက်ထုတ်ပေးရာတွင် ထွေအုပ်ကသာ ထုတ်ပေးသဖြင့် ထွေအုပ်၏ အုပ်ချုပ်ရေးတွင် လွှမ်းမိုးမှုကို ထောက်ပြကြသည်။ မွန်ပြည်နယ်ရှိ လူမှုအရပ်ဖက်အဖွဲ့အစည်းတစ်ခုနှင့် တွေ့ဆုံမေးမြန်းချက်

[၃၂] ပြည်ထဲရေးဝန်ကြီးဌာန၊ ထွေအုပ် ၂၀၁၂ခုနှစ်မှတ်တမ်း

[၃၃] ပြည်ထဲရေးဝန်ကြီးဌာန၊ ထွေအုပ် ၂၀၁၂ခုနှစ်မှတ်တမ်း၊

[၃၄] ပြည်ထောင်စုလွှတ်တော် အမိန့်ကြေငြာစာအမှတ် (၈၂/၂၀၁၃)၊ လွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေ၊ ပုဒ်မ ၇

| ထွေအုပ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ |
| --- |
| (၁) လယ်ယာစိုက်ပျိုးရေး။<br>(၂) လမ်းတံတားဆောက်လုပ်ရေး။<br>(၃) သောက်သုံးရေရရှိရေး။<br>(၄) ပညာရေး၊ကျန်းမာရေး။<br>(၅) ဒေသဖွံ့ဖြိုးရေး။ |

ထွေအုပ်သည် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများအတွက် ဘဏ္ဍာရေး စီမံ ခန့်ခွဲခွင့်လည်း ရှိသည်။

(၁) နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ကျေးလက် ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက်အတွက် လိုအပ်ချက်များ ဆန်းစစ်ခြင်းနှင့်

(၂) ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုလျှော့ချရေး ရန်ပုံငွေ အတွက် စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၃) ဒေသဖွံ့ဖြိုးရေးအတွက် မဲဆန္ဒနယ်တစ်ခုမှ လွှတ်တော် ကိုယ်စားလှယ် လေးဦးသည်လျှင် ကျပ်သိန်း ၅၀ အထက် သုံးစွဲ ခွင့်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများကို ရွေးချယ်အကောင်အထည် ဖော်ခွင့်ရှိသည့် လွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက်[၂၅] ဒေသ၏ လိုအပ်ချက်များကို ဆန်းစစ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း စသည့် တာဝန်များ ထမ်းဆောင်ရသည်။[၂၆] အဆိုပါ လွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် သီး ခြား စီမံခန့်ခွဲရေးရုံး ဖွင့်လှစ်ထားခြင်း မရှိသဖြင့် ထွေအုပ်နှင့် မြို့နယ် စီမံခန့်ခွဲရေး အဖွဲ့ဝင်များကိုသာ လုပ်ငန်းများ အကောင်အထည်ဖော်ရန် အားထားကြရသည်။

ဒေသန္တရ အုပ်ချုပ်ရေးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအောက် တွင် ခရိုင်ရုံးများကို ဖွဲ့စည်းထားပြီး ဒုတိယညွှန်ကြားရေးမှူးသည် ခရိုင်ဦးစီးမှူးအဖြစ် ခန့်ထားဆောင်ရွက်သည်။ ခရိုင်ရုံးအနေဖြင့် ၎င်း၏ လက်အောက်ခံ အုပ်ချုပ်ရေးစနစ်၏ အဓိကယူနစ်များ ဖြစ်သည့် မြို့နယ်ရုံးများကို ကွပ်ကဲပါသည်။ သို့ဖြစ်၍ ခရိုင်များ သည် ပြည်နယ်နှင့် တိုင်း ဒေသကြီးနှင့် မြို့နယ်တို့ကြားအဆင့်တွင် ရှိပါသည်။ ခရိုင်အုပ်ချုပ်ရေး မှူးအောက်တွင် ဦးစီးအရာရှိ (၂) ဦးမှ ဌာနခွဲ (၂) ခုကို အသီးသီး ဦးဆောင်ကြပါသည်။ ခရိုင်ရုံးတွင် ဝန်ထမ်းအင်အား (၂၇)ဦးဖြင့် ဖွဲ့စည်းထားပြီး အများစုမှာ စာရေး ဝန်ထမ်းများဖြစ်ကြပါသည်[၂၇]။

## *မြို့နယ်အဆင့်*

မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း (၃၃၀) သည် အုပ်ချုပ်ရေးစနစ်၏ အခြေခံ အုတ်မြစ်များဖြစ်ပါသည်။ မြို့နယ်ထွေအုပ်ရုံးများ (မြို့နယ် ရုံးများ)သည် မြန်မာနိုင်ငံသားများအတွက် အဓိက ထိတွေ့ ဆက်ဆံရသည့် ရုံးဌာန တစ်ခုဖြစ်ပါသည်။

မြို့နယ်ရုံးများသည် အစိုးရ၏ အဓိကလုပ်ငန်းများဖြစ်သည့် လူဦးရေ စာရင်းကောက်ခံခြင်း၊ မြေယာမှတ်ပုံတင်ခြင်းနှင့် အခွန် အမျိုးမျိုးတို့ကို ကောက်ခံခြင်းစသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် မြို့နယ်ဖွံ့ ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ပြီး မြို့နယ်ကိစ္စရပ်များကို စီမံခန့်ခွဲ ကာ မြို့နယ်၏ စီးပွားရေးလူမှုရေးဖွံ့ ဖြိုးတိုးတက်လာရန် တာဝန်ယူ ဆောင်ရွက်နေကြသည်။

မြို့နယ်ရုံးများသည် မြို့နယ်အဆင့် အစိုးရဌာနများ အထူးသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ မြို့နယ်ရုံးခွဲများအတွက် ပေါင်း စပ်ညှိနှိုင်း ပေးရသည့်တာဝန်ကို ထမ်းဆောင်ရပါသည်။ မြို့နယ် ရုံးများသည် အချက်အလက်များ ကောက်ခံခြင်း၊ စုစည်းခြင်း၊ ကျေးရွာအုပ်စုများအား စီမံခန့်ခွဲခြင်းမှသည် မြေစီမံခန့်ခွဲမှု၊ အငြင်းပွားမှုနှင့် အခွန်အရပ် ရပ် ကောက်ခံသည့် တာဝန်များဖြင့် တာဝန်များ များပြားလှပါသည်။

မြို့နယ်များတွင် လူဦးရေ အချိုးအစား ကွဲပြားနေသော်လည်း မြို့နယ် ထွေအုပ်ရုံးများ၏ အရွယ်အစားမှာမူ တသမတ်တည်း ဖြစ်ပြီး[၂၈]ဝန်ထမ်း စုစုပေါင်း ၃၄ ဦးခန့်ထားပြီး မြို့နယ်အုပ်ချုပ်ရေး မှူးသည် လက်ထောက် ညွှန်ကြားရေးမှူးအဆင့်ဖြစ်ပါသည်။[၂၉] ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ကိုလည်း ခန့်ထားသည်။ အဆိုပါ အရာရှိ ၂ ဦးမှာ စာရေးဝန်ထမ်းများနှင့် စာရင်းကိုင်များကို စီမံခန့်ခွဲရပါသည်။

---

[၂၅] ကိုယ်စားလှယ်လေးဦးတွင် နှစ်ဦးမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များမှ ဖြစ်ပြီး ကျန်တစ်ဦးစီမှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များမှဖြစ်ပါသည်။

[၂၆] ဒုတိယညွှန်ကြားရေးမှူး(၁) ဦး၊ ဦးစီးအရာရှိ(၂)ဦး၊ ဌာနခွဲစာရေး(၁)ဦး၊ အကြီးတန်းစာရေး(၅)ဦး၊ အငယ်တန်းစာရေး(၂)ဦး၊ယာဉ်မောင်း(၁)ဦး၊ လုံခြုံရေး (၁)ဦး၊ စာပို့သမား (၁)ဦး၊ ရုံးအကူ(၂)ဦး

[၂၇] ထွေအုပ်၏ စာရင်းအချက်အလက်များအရ လူဦးရေနှင့် ထွေအုပ်ဝန်ထမ်းအမျိုးအစားမှာ ချင်းပြည်နယ်တွင် ၅၀၃း၁နှင့် ကယားပြည်နယ်တွင် ၆၁၉း၁ ရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးတွင် ၂၅၆၆း၁နှင့် မန္တလေးတိုင်းဒေသကြီးတွင် ၂၁၅၄း၁ ရှိပါသည်။ ( စီမံရေးရာဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝါရင့်ဝန်ထမ်းများ၏ ပြောကြားချက်)

[၂၈] ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း စာ ၃၄

[၂၉] ၂၀၁၂ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအရ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား သွယ်ဝိုက်၍ ရွေးကောက်တင်မြှောက်ပါသည်။ ဥပဒေအရ ဆယ်အိမ်ခေါင်းများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရွေးချယ်ရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှ အတည်ပြုခန့်အပ်ပေးပါသည်။ အသေးစိတ်သိလိုပါက ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ အခန်း(၇) – (၉) ကို ရှု




မြို့နယ်အဆင့် စီးပွားရေးလုပ်ငန်းများတွင် ထွေအုပ်၏ အဓိက ထိတွေ့ ဆက်ဆံမှုမှာ အငယ်စားနှင့် အသေးစား စီးပွားရေး လုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံရခြင်းဖြစ်ပါသည်။ အရက်သေစာ ရောင်းချခြင်းနှင့် အိမ်ခြံ မြေရောင်းဝယ်ခြင်း လုပ်ငန်းများတွင် ထွေအုပ်မှ လိုင်စင်များထုတ်ပေးရပါသည်။ ထို့ပြင် မြေလွှဲပြောင်း ခြင်း၊ ဆောက်လုပ်ရေးခွင့်ပြုချက်နှင့် တည်ဆောက်ခွင့်စသည့် ခွင့်ပြုမိန့် လိုင်စင်များကိုလည်း ထုတ်ပေးပြီး မြေနှင့် ယစ်မျိုးခွန်များ ကိုလည်း ကောက်ခံပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ "ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး" ပြုပြင်ပြောင်းလဲရေး၏ အခြေခံမှာ မြို့နယ်အဆင့်တွင် ဖြစ်ပါသည်။ ထို့ပြင် ကြီးမားသော ဖွံ့ဖြိုးမှုမိတ်ဖက်များ ကမ္ဘာ့ဘဏ် နှင့် UNDP စသည်တို့သည် မြို့ရွာ နှင့် ကျေးရွာအုပ်စု အဆင့်ကို အလေးထား၍ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို ကျယ်ပြန့်စွာစတင် ဆောက်ရွက်လာနေပြီ ဖြစ်ပါသည်။ ထွေအုပ်၏ မြို့နယ် အုပ်ချုပ်ရေးမှူးများအနေဖြင့် ဒေသန္တရ အုပ်ချုပ်ရေးစနစ်ကို ခိုင်မာစွာ ထိန်းချုပ်ထားနိုင်သော်လည်း ယခုအခါ ကော်မတီအမျိုးမျိုးမှ ဒေသဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲ လမ်းညွှန်ပေးလျက် ရှိပါသည်။ မြို့နယ်အဆင့်တွင် ထွေအုပ်မှ ထိန်းချုပ်ထားခြင်းဖြစ်ရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များတွင်သာမက နိုင်ငံတကာ ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ထွေအုပ်၏ အခန်းကဏ္ဍမှာ အဓိက ပါဝင်လျက် ရှိပါသည်။

## *ရပ်ကွက် ကျေးရွာအုပ်စုအဆင့်*

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေအရ အပြောင်းအလဲများ ပြုလုပ်ခဲ့သည့် ကျေးရွာအဆင့် အုပ်ချုပ်ရေးတွင် ထွေအုပ်မှ အဓိကကဏ္ဍမှ ပါဝင် လျက်ရှိပါသည်။[၄၀] ထွေအုပ်သည် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကို ခန့်ထားခြင်းမရှိသော်လည်း ၎င်းတို့အတွက် ချီးမြှင့်ငွေများ ပေးအပ် သည်။[၄၁] ထိုရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ရာထူးတိုးခြင်း မရှိသော်လည်း လုပ်ပိုင်ခွင့် အလွဲသုံးစား ပြုလုပ်ခြင်း၊ စွမ်းဆောင်ရည် ညံ့ဖျင်းခြင်းနှင့် အကျင့်ပျက်ခြစားခြင်းတို့ရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးမှ ၎င်းတို့ကို တာဝန်မှ ရပ်ဆိုင်းနိုင်သည်။[၄၂] ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးစီအား ထွေအုပ်၏ အချိန်ပြည့်ဝန်ထမ်းဖြစ်သည့် ရပ်ကျေးစာရေးမှ ကူညီပံ့ပိုးပေးရပါသည်။

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် အစိုးရ နှင့် ကျေးလက်နေပြည်သူလူထုအကြား ဆက်သွယ်ပေးသည့်အတွက် ၎င်းတို့၏ အခန်း ကဏ္ဍမှာ အရေးကြီးပါသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ထွေအုပ်၏ အုပ်ချုပ်ရေးကဏ္ဍတွင် အဓိကကျောရိုးများအဖြစ် ပါဝင်ပြီး ၎င်းတို့အား စီမံခန့်ခွဲသည့် မြို့နယ်အုပ်ချုပ်ရေးမှူးများကို အထောက် အကူပြုကြပါသည်။[၄၃] ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်း တို့ အစဉ်အဆက်ထမ်းဆောင်ခဲ့သည့် မူလတာဝန်များဖြစ်သည့် အခွန်ကောက်ခံခြင်း၊ မြေယာမှတ်ပုံတင်ပေးခြင်း၊ လူဦးရေအခြေအနေ တို့ကို အစီရင်ခံခြင်းတို့ ဆောင်ရွက်ပါသည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားချေးငွေများ ရယူလိုသည့် အခြေအနေမျိုးတွင် ၎င်းတို့မှ လက်မှတ်ရေးထိုးပေးရန် လိုအပ်ပါသည်။ ကျေးရွာစာရေးများအနေဖြင့် အုပ်ချုပ်မှု၊ စီးပွားရေးနှင့်

---

[၄၀] ၂၀၁၂ခုနှစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ အခန်း (၁၄)၊ ပုဒ်မ ၃၂-၃၃၊ ပုဒ်မ-၂၈တွင် "ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် အောက်ပါ ချီးမြှင့်ထောက်ပံ့ငွေများကို သတ်မှတ်ပေးရမည် (က) လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၊ (ခ) သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေ

[၄၁] ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ထွေအုပ်မှ ခန့်အပ်စာ ပေးပို့ခြင်းကြောင့် ပိုမိုရှုပ်ထွေးသွားစေပါသည်။

[၄၂] ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ၎င်းတို့သည် သက်ဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ပုံမှန်ဆက်သွယ်ရပြီး လုပ်ငန်းမျိုးစုံ ဥပမာအားဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အတည်ပြုခွင့်ပြုချက်များ ရယူရကြောင်း ပြောကြားခဲ့သည်။

[၄၃] အဆိုပါ အချက်အလက်ကောက်ယူမှုမှာ အမျိုးစုံလင်လှပြီး လူဦးရေ အခြေအနေ၊ ကျောင်းအပ်မှု၊ လူဦးရေ ပြောင်းရွှေ့မှု၊ ဖွားသေမှု၊ ဈေ့စာရင်း၊ ကြက်ခြေနီလှုပ်ရှားမှု၊ ဆောက်လုပ်ရေးနှင့် ဒေသအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ စသည်တို့ဖြစ်ပါသည်။ အသေးစိတ် Bart Robertson, 'A vital, little-known cog in Myanmar's reform process,' Myanmar Times, 27 October 2013.

လူမှုရေး ဆိုင်ရာ အချက်အလက်များ မှတ်တမ်းတင်ခြင်း၊ ရုံးလုပ်ငန်း နှင့် လုံခြုံရေး မှတ်တမ်းများကို သတ်မှတ်ထားသည့် ပုံစံ (၃၃) မျိုးတွင် ဖြည့်စွက်ပေးသည့် တာဝန်များကို ထမ်းဆောင်ရပါသည်။[၄၄]

၂၀၁၂ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ဖြင့် ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စု ကော်မတီများ အသီးသီး ဖွဲ့စည်းခဲ့ကြပါသည်။ ထိုကော်မတီများမှာ အဓိကအားဖြင့် စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးမှု အထောက်အကူပြု ကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များ ဖြစ်ပါသည်။ မြို့နယ်အဆင့်တွင် ကော်မတီ (၂) ထပ်မံ ဖွဲ့စည်းထားပြီး မြို့နယ်စည်ပင် သာယာရေးကော်မတီ (မြူနီစပါယ်ရေးရာ) နှင့် မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေး ကော်မတီတို့ဖြစ်ပါသည်။

ဒေသလူထု၏ပါဝင်မှုကို မြှင့်တင်ရာတွင် နိုင်ငံတော်သမ္မတအနေဖြင့် ထွေအုပ်၏ လုပ်ပိုင်ခွင့်အာဏာ နှင့် လူထုပူးပေါင်း ပါဝင်မှုတို့ကို မျှတ စေလိုသည့် ရည်ရွယ်ချက်ကို ပေါ်လွင်စေပါသည်။

ထွေအုပ်၏ အခန်းကဏ္ဍသည် မြို့နယ်နှင့် ခရိုင်စီမံခန့်ခွဲရေးကော်မတီများတွင် အဓိကကျပြီး မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများသည် ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားသည်။ မြို့နယ်၊ခရိုင်စီမံခန့်ခွဲရေးကော်မတီများသည် အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် လူမှုရေးကိစ္စများ ဆောင်ရွက်ရန် အတွက် အစိုးရဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားသော ကော်မတီများ ဖြစ်ပြီး အာဏာရှိသော ကော်မတီများလည်း ဖြစ်သည်။ မြို့နယ်စီမံခန့်ခွဲရေးကော်မတီတွင် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရား ဥပဒေစိုးမိုးရေးကော်မတီခွဲ ပါဝင်ပြီး ဒေသလုံခြုံရေးအတွက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သည်။ ထို့အပြင် ထွေအုပ်၏ ဒုတိယမြို့နယ် အုပ်ချုပ် ရေးမှူးသည်လည်း အခြားကော်မတီများဖြစ်သည့် ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။

## လေး။ ။ အဓိကမေးခွန်းပုစ္ဆာများနှင့် ဆက်လက်လေ့လာဖတ်ရှုရန်

**ဆွေးနွေးရမည့် အမေးပုစ္ဆာများ**

- တိုင်းရင်းသားဒေသများတွင် ထွေအုပ်သည် ၄င်းဒေသရှိ ပြည်သူလူထု၏ ယုံကြည်မှု ပိုမိုရရှိလာရန် မည်သို့လုပ်ဆောင်ရမည်နည်း။
- ထွေအုပ်၏ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲရန်အတွက် အစိုးသစ်သည် မည်သည့်နည်းလမ်းများဖြင့် ကြည့်ရှု သုံးသပ်နိုင်မည်နည်း။
- ဖဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတွင် ထွေအုပ်သည် မည်သည့် အခန်းကဏ္ဍမှ ပါဝင်မည်နည်း။ ဌာနကြီးအနေဖြင့် ဗဟိုအားပြုမှု သိပ်သည်းဆလျှော့ချခြင်း ( deconcentraion) ကို ပိုမိုပြုလုပ်သင့်ပါသလား။ ဗဟိုချုပ်ကိုင်မှု အာဏာဖြေလျှော့ (decentralization)သင့်ပါသလား။ ဗဟိုအာဏာခွဲဝေခြင်း (devolution) ပြုလုပ်သင့်ပါသလား။ မည်သို့လုပ်ဆောင်ရမည်နည်း။
- ဒေသအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့သည် မည်သည့်အဖွဲ့အစည်း ဖြစ်သင့်သနည်း။ ဒေသခံအဖွဲ့အစည်းဖြစ်သင့်ပါသလား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဖြစ်သင့်ပါသလား။ ပြည်ထောင်စုအဆင့် ဖြစ်သင့်ပါသလား။
- ဖဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များသည် မည်သို့လက်တွဲဆောင်ရွက်သင့်သနည်း။
- ဝန်ထမ်းရွေးချယ်ခန့်ထားရေးလုပ်ငန်းစဉ်များ ပါဝင်သော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဖွဲ့စည်းပုံကို လူနည်းစု တိုင်းရင်းသားများ ပါဝင်လာစေပြီး ဒေသအတွက် ပိုမိုသင့်လျော်သည့် အုပ်ချုပ်ရေးဌာနဖြစ်လာစေရန် မည်သည့် ပြောင်းလဲမှုများ လုပ်ဆောင်သင့်သနည်း။

[၄၄] မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံမေးမြန်းချက်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဒီဇင်ဘာ၂၀၁၂ မိန့်ခွန်းတွင် အဓိကညွှန်ကြားချက်မှာ " မြို့နယ်တွင် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် စီးပွားရေး၊ လူမှုရေး စီမံခန့်ခွဲရန်"

## ဆက်လက်လေ့လာဖတ်ရှုရန်


ဒေါ်မြစိန် ၊ The Administration of Burma ၊ အောက်စ်ဖို့တက္ကသိုလ် ၊ ၁၉၇၃

ဖာနီဗယ် ဂျေအက်စ်, The Governance of Modern Burma၊ ပစိဖိတ်ဆက်ဆံရေး အင်စတီကျူ၊ နယူးယော့၊ ၁၉၅၈

မင်းရွှေ (ကမ္ဘာအေး) ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် ထွေအုပ်ကဏ္ဍ၏ အရေးပါပုံ၊ မြန်မာရွှေပြည်ဝန်မဂ္ဂဇင်း ၊ အမှတ်၃ ၊ မတ်၂၀၁၄ ၊
စာ ၁၀၉

မြင့်သိန်း၊ ပြောင်းလဲလာသော မြန်မာ့အုပ်ချုပ်ရေးစနစ်များ၊ စိတ်ကူးချိုချို၊ ဖေဖော်ဝါရီ ၂၀၀၆

ရောဘတ်ဆန် ဘတ် 'A vital, little-known cog in Myanmar's reform process,' မြန်မာတိုင်းမ် ၂၇ အောက်တိုဘာ ၂၀၁၃ ၊ http://www.mmtimes.com/index.php/opinion/8606-a-vital-little-known-cog-in-myanmar-s- reform-process.html

ဦးဘဦး၊ မြန်မာ့အုပ်ချုပ်ရေးပညာ၊ အရှင်နန္ဒမာလာတည်းဖြတ်၊ ပဌ္ဌဂံပုံနှိပ်တိုက်၊ ၂၀၁၁

The Asia Foundation
Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar